
မိုးသက်ဟန်
နိုင်ငံတကာ
လျှပ်တပြက်ဝတ္ထုတိုများ
FLASH FICTION

# နိုင်ငံတကာလျှပ်တပြက်ဝတ္ထုတိုများ
## အောက်ခံဘောင်းဘီ

ဟင်နရီဒေါ်ဘင်ဟာ လူကောင်း တစ်ယောက်၊ အရည်အချင်းရှိတဲ့ စစ်သားကောင်း တစ်ယောက် ဖြစ်တယ်။ ဘာမှ ထူးထူးခြားခြား ဆန်းဆန်းပြားပြား မနေတတ်တာကလည်း သူ့ရဲ့ အရည်အချင်းကောင်း တစ်ရပ်ပါပဲ။ သူနဲ့ပတ်သက်ပြီး သရောတော် တော် လှောင်ပြောင်စရာတွေ ကလည်း တစ်ပုံတစ်ပင်။ ဘယ်လိုပဲပြောပြောပါ။ သူဟာ အမေရိကန် ပီသတဲ့လူ တစ်ယောက် ပါပဲ။ လူကောင်ထွားပြီး သန်မာတယ်။ စိတ်ကောင်းရှိတယ်။ သူ ဗိုက်နည်းနည်း ပူတယ်။ လမ်းလျှောက်ရင် နေးတိနေးကန် လျှောက်တတ်ပေမယ့် သူ့ကို လိုအပ်တဲ့ အခါတိုင်းမှာ ရိုးရှင်း၊ တိကျမှု နဲ့ အလုပ်ကြိုး စားမှု တွေ ပေးနိုင်တဲ့ ယုံကြည်ရတဲ့ လူ တစ်ယောက် ပဲ ဖြစ်တယ်။ သူ့ရဲ့ နိုင်ငံလိုပဲ ဒေါ်ဘင်ဟာ စိတ်ကူးယဥ်ဆန်လွန်းအားကြီးတယ်။

အခုဆိုရင် ဒေါ်ဘင်နဲ့ဆုံခဲ့တာ နှစ် နှစ် ဆယ်တောင် ရှိခဲ့ပါပြီကော။ ခုထက်ထိ မြင်ယောင်ပါသေးတယ်။ ရန်သူကို အလစ် ချောင်းတိုက်နေတဲ့ တိုက်ပွဲမထွက်ခင်တိုင်းမှာ ဒေါ်ဘင်ဟာသူ့ ရည်းစားကောင်မလေးရဲ့ အောက်ခံဘောင်းဘီအရှည်ကို လည်ပင်းမှာ ပတ်တတ်တာကို။

ဒါက သူ့ရဲ့ ပုံမှန်မဟုတ်တဲ့ တစ်ခုတည်းသော လုပ်ရပ်ပါပဲ။ ဒီအောက်ခံဘောင်းဘီအရှည်က သူ့အတွက်ကံကောင်းစေတဲ့ အဆောင်လို့ သူပြောတတ်တယ်။ သူက ဒီအောက်ခံဘောင်းဘီကို သူ့နှာခေါင်းဝမှာ ထားပြီး သူ့ကောင်မလေးရဲ့ ကိုယ်သင်းနံ့ကို ရှူရှိုက်ရတာ ကို အင်မတန်မှ နှစ်သက် တယ်။ သူ့ကောင်မလေးနဲ့ပတ်သက်တဲ့ အမှတ်ရစရာတွေ ကို သူဒီလိုလပ်နေရင်း ပြန်အမှတ်ရတတ်တယ်။ တစ်ခါတစ်လေများ ဆို သူမျက်နှာပေါ်မှာ တောင်ဖုံးပြီး အိပ်တတ်ရဲ့ ။ ဒီလို အိပ်နေရင် သူဟာ မော်ခြုံစောင်ထဲဝင် အိပ်နေရသလို လုံခြုံငြိမ်းချမ်းနေတော့တာပဲ။ ဒီအတွင် းခံ ဘောင်းဘီရှည်က သူ့အတွက်တော့ အဆောင်ကောင်းတစ်ခုပါပဲ။ သူ့ကို

ဘေးသယာတွေ မကျရောက်အောင် စောင့်ရှောက်ပေးနေတယ်။ ဒါ့အပြင် သူ့အတွက် စိတ်ဝိညာဉ်ဆိုင်ရာ အားအင်တွေ ကိုလည်း ပေးတတ်ပါရဲ့။ သူ့စိတ်ထဲမှာ တော့ တစ်နေ့ သူ့ကောင်မလေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်း အတူနေရမယ့်ရက်ကိုပဲ တွေးတောလို့နေတယ်။ ဗီယက်နမ်စစ်မြေပြင်ရောက်နေတဲ့ လူတိုင်းမှာ ကိုယ်စီ အယူသီးမှု တွေ ရှိတတ်ကြသလို ဒေါ်ဘင့်မှာ လည်းရှိတယ်။ သူ့အတွက်တော့ ဒီအောက်ခံ ဘောင်းဘီဟာ သူ့ကို စောင့်ရှောက်နေတယ်လို့ စူးစူးနစ်နစ်ကို ယုံကြည်နေတယ်။ ကျည်ကာ အင်္ကျီလိုမျိုး ကို သဘောထားတာ။ ကျွန်တော် တို့ သန်းခေါင်ယံတိုက်ပွဲ ထွက်ခါနီး တိုင်း ဟဲလ်မက်နဲ့ ကျည်ကာအင်္ကျီဝတ်ပြီးတိုင်း ဒေါ်ဘင်ဟာ သူ့ရဲ့ အောက်ခံဘောင်းဘီအရှည်ကို လည်ပင်းမှာ ကျကျနန ပတ်တတ်တယ်။ ခြေထောက်ထိုးတဲ့ အပေါက်နှစ် ဖက်ကိုတော့ ဘယ်ဘက် ပုခုံးထက်မှာ တင်ထားတတ်တယ်။ သူ့ကို နောက်ကြပြောင်ခဲ့ကြတာတော့ မဆန်းပါဘူး။ ဒါပေမယ့် ကျွန်တော် တို့ သူ့အဆောင်ရဲ့ ထူးခြားမှု ကို အသိအမှတ်ပြုလာကြရတယ်။ ဒေါ်ဘင်ဟာ ဘယ်တော့မှ ထိခိုက်တာတို့၊ ဒဏ်ရာရတာ တို့ မရှိသလို ခြစ်ရာ၊ ကုတ်ရာတစ်ခုတောင် မ ဖြစ်ခဲ့ဘူး။ ဩဂုတ်လမှာ တော့ သူမြေမြှုပ်မိုင်း နင်းမိခဲ့ပေမယ့် အဲ့ဒီမိုင်းက မပေါက်ခဲ့ဘူး။ နောက်တစ်ပါတ် အကြာမှာ လည်း ကျွန်တော် တို့ဟာ မီးလောင်ကျွမ်းမှု ကြီးကြီးတစ်ခုကို ငြိမ်းသတ်ခဲ့ရသေးတယ်။ ဘာအကာအကွယ်မှမပါတဲ့ ဒေါ်ဘင်ဟာ သူ့ကောင်မလေးအတွင်းခံကို နှာခေါင်းရှေ့မှာ အုပ်ပြီး အလုပ်ကို အောင်မြင်အောင် အံ့မခန်း လုပ်ပြနိုင်ခဲ့တယ်။

တစ်စုတစ်စုလုံးက သူ့အဆောင်ကို ယုံလာကြတယ်။ မျက်မြင်လည်း တွေ့ခဲ့ကြရတယ်လေ။

နောက်တော့ အောက်တိုဘာလအကုန်မှာ သူ့ကောင်မလေးက လမ်းခွဲတဲ့အကြောင်း ပို့လိုက်တဲ့စာ ရောက်လာတယ်။ ပြင်းထန်တဲ့ ထိုးနှက်ချက်တစ်ခုပါပဲ။ ဒေါ်ဘင်ဟာ စာကို လက်ထဲမှာ ကိုင်ထားရင်း အချိန်အတော် ကြာ ငြိမ်သက်နေခဲ့တယ်။ နောက်ခဏနေတော့မှ အောက်ခံဘောင်းဘီကို ထုတ်ပြီးလည်ပင်းမှာ ခြုံ လွှာတစ်ခုလိုပတ်လိုက်တယ်။

ချွေးမထွက်တော့ဘူးပေါ့လို့ လူကပြောတယ်။ ကျွန်တော် သူ့ကိုချစ်နေဆဲပါပဲ။ ဒီမှော် အစွမ်းကလည်း ပျော်သွားမှာ မဟုတ်ပါဘူး

အဲဒီ တော့မှ အားလုံးစိတ်သက်သာရာရခဲ့ပါတယ်။

မိုးသက်ဟန်

tocking by Tim O'Brien ကို ပြန်ဆိုသည်။

♥ ♥ ♥

# ဒီစကြာဝဠာမှာ အလိမ္မာဆုံးကောင်လေး

ရန်ကီဂေါ်ကီဟာ ဒီစကြဝဠာမှာ အလိမ္မာဆုံးကောင်လေးပဲ။ သူက မိဘစကားကို အမြဲနားထောင်တယ်။ သူ့ရဲ့ အရုပ်တွေ နဲ့ သကြားလုံးကို တခြားကလေးတွေ နဲ့လည်း မျှဝေတယ်။ သူ့အိပ်ခန်းပြတင်းပေါက်မှာ မနက်ခင်းတိုင်း ငှက်ကလေးတွေ လာနားတယ်။ သူ အိပ်ယာက နိုးလာဖို့ သီချင်းလေးတွေ ဆိုပေးတယ်။ တိရစ္ဆာန်အရိုင်းတွေ တောင်မှ ဖရန်ကီဂေါ်ကီလက်ထဲက အစာကို လာစားကြတယ်။ ၂၄ လမ်းမှာ နေတဲ့ ကလေးတိုင်းဟာ ဖရန်ကီဂေါ်ကီကို သိကြတယ်။ ဘာ့ကြောင့် လဲဆိုတော့ သူဟာ လက်ရှိကလေးတွေ အနက် အလိမ္မာဆုံးကောင်လေး ဖြစ်နေလို့ပဲ။

ဒါပေမယ့် သူဟာ အတော် ဆုံးကလေးတော့ မဟုတ်ရှာဘူး။

တစ်ချက်က သူဟာ ဘယ်တော့မှ လမင်းကိုမော့မကြည့်ဖူးဘူး။ ဒီဇင်ဘာတစ်ညမှာ သူ့မိဘတွေ က အေးစက်တဲ့ညထဲ အပြင်ကို ခေါ်မသွားခင်အထိ သူဟာ လမင်းကို တစ်ခါမှ မမြင်ဖူးဘူး။ အဲဒီ ညမတိုင်ခင်က နှင်းမုန်တိုင်းတိုက်သေးတယ်။ အဲဒီ ညမှာ မယ်တော် နေ ပွဲတော် နဲ့ ပုလဲဆိပ်ကမ်း ဗုံးကြဲခံရမှု အမှတ်တရပွဲတွေ ရှိတယ်။ အဲ့ဒီညမှာ ဂရက်တာနဲ့ဂယ်ရီဂေါ်ကီတို့က လခြမ်းကွေးကွေးလေးကို လက်ညှိုး ထိုးပြခဲ့တယ်။ ဖရန်ကီဂေါ်ကီက အဲဒါကို ရယ်စရာကောင်းတဲ့ မီးလုံးလို့ ထင်ခဲ့လေရဲ့။ သူ့အဖေက 'မဟုတ်ဘူး။ အဲဒါ လမင်းလို့ခေါ်တယ်သားရဲ့ ' လို့ ရှင်းပြတယ်။

အင်း ဖရန်ကီဂေါ်ကီဟာ လမင်းနဲ့ပတ်သက်ပြီး ဘယ်လိုတွေ းရမှန်းမသိရှာပါဘူး။ ဒါပေမယ့် သူက လမင်းကို ဝိုင်းဝိုင်းလေးတော့ ဖြစ်စေချင်တယ်လို့ ဆုတောင်းလိုက်တယ်။ သူ ညဘက်အိပ်ယာမဝင်မီ မနက်ဆို သူနိုးအလာကို စောင့်တတ်တဲ့ ငှက်ကလေးတွေ ရှိရာ အိပ်ခန်းပြတင်းပေါက်နားကို သွားတယ်။ ပြီးတော့ လမင်းကို ငေးကြည့်မိတယ်။ လမင်းဟာ တဖြည်းဖြည်း ပိုကြီးလာပါပြီကော။ နောက်တော့ လမင်းဟာ ပိုလို့ လုံးဝိုင်းလို့လာတယ်။ သူဟာ လိမ္မာတဲ့ ကလေး ဖြစ်လို့ လိမ္မာတဲ့ ကလေးတိုင်းရဲ့

ဆုတောင်းပြည့်ပေမယ့် ကောင်းတာထက် ဆိုးတာနဲ့ ဇာတ်သိမ်းခဲ့ရရှာတယ်။ လမင်းဝိုင်းလာတာကို ဘယ်သူမှမသိသေးခင် သူမြင်ခွင့်ရတာ ကိုတော့ သူဝမ်းသာမိတယ်။ သူ့အမေနဲ့ အဖေကို ပြန်မပြောမယ့် သူအဖွားကို ဒီအကြောင်းတွေ သူပြောချင်နေတယ်။ ပြီးတော့ အဖွားက အကုန်လုံးကို သိတယ်လေ။ ဒါပေမယ့်လည်း လမင်းက ဒီအတိုင်းသာ ဆက်ကြီးနေမယ်ဆိုရင် အကြီးကြီး ဖြစ်လာတော့မှာ ပေါ့။ အဲဒါဆို သူတောင် နေစရာရှိတော့မှာ မဟုတ်ဘူး။ အဲဒါအတွက်တော့ ဖရန်ကီဂေါ်ကီ စိတ်မကောင်းဘူး။ သူလည်း တာဝန်မယူချင်ဘူး။ ဖရန်ကီဂေါ်ကီ တစ်ခု သတိရသွားတယ်။ လက်ဖျောက်တီးမတတ်လည်း ပျော်ရွှင်သွားတယ်။ ဆုတောင်းဆိုတာ သုံးခုရှိတာပဲလို့ တွေးမိသွားတယ်။ ဖရန်ကီဂေါ်ကီဟာ လမင်းကြီး ပျောက်ကွယ် သွားပါစေလို့ ဆုတောင်းလိုက်တယ်။ ပြီးတော့မှ သူ့အဖွားနဲ့ သွားတွေ့မယ်။

ဖရန်ကီဂေါ်ကီဟာ ဒီကြဝဠာမှာ အလိမ္မာဆုံးကောင်လေး ဖြစ်နိုင်ပေမယ့် သူလုပ်သမျှမှန် တယ်လို့တော့ မပြောနိုင်ပါဘူး။ ဒီအချိန်မှာ ပဲ လမင်းဟာ တစ်ဝက်ပျောက်ကွယ်သွားတယ်။ ဖရန်ကီဂေါ်ကီ အရမ်းပျော်သွားတယ်။ သူဆုတောင်းပြည့်တာပဲလို့ တွေးမိတယ်။ ဒါပေမယ့်လည်း သူက လမင်းကို ပုံမှန်အတိုင်း ပြန်ဖြစ်ပါလို့ ဆုတောင်းလိုက်ချင်ပြန်တယ်။ တတိယဆုတောင်း ကတော့ သူဟာ ခရစ္စမတ်မှာ အဖွားနဲ့တွေ့ရင် သူမြင်ရတောတွေ ကို ပြောပြချင်တာပဲ။ အဖွားက ခရစ္စမတ်ဆိုရင် အိမ်ကိုလာလေ့ရှိတယ်လေ။

ခရစ္စမတ်အကြိုညမှာ လမင်းပျောက်ကွယ်သွားတော့ ဖရန်ကီဂေါ်ကီ ဝမ်းနည်းရပြန်တယ်။ ခရစ္စမတ်မှာ လက်ဆောင်ရမယ့် အရုပ်တွေ အကြောင်းတောင် သူမစဉ်းစားနိုင်ဘူး။ သူအိပ်ယာထဲမှာ လှဲပြီး ယေရှုကလေးငယ်နဲ့ ပညာရှိပုဂ္ဂိုလ်တွေ အကြောင်း တွေးနေမိတယ်။ သူတို့ကြောင့် ကမ္ဘာကြီးဟာ မကောင်းမှု တွေ ကနေ ကယ်တင်ခြင်းခံခဲ့ရတာ ပေါ့လို့ သူတွေးမိတယ်။ သူပြတင်းပေါက်နားသွားပြီးတော့ လမင်းကြီးကိုကြည့်မိတယ်။ လမင်းပျောက်ကွယ် သွားပါစေလို့ ဆုတောင်းခဲ့တဲ့အတွက် စိတ်မကောင်း ဖြစ်နေတယ်။ ခုအချိန်လောက်ဆို သူ့အဖွားဟာ ဘက်ဖလိုကနေ

ကားမောင်းပြီး လာနေလောက်ပြီ၊ အဖွားဟာ ခရစ္စမတ်တိုင်း အိမ်ကိုလာပြီး သူပြောသမျှကို နားထောင်တယ်။

ခရစ္စမတ်မှာ ဖရန်ကီဂေါ်ကီ ငေါက်ခနဲ အိပ်ယာကနေထလာတယ်။ ပြီးတော့ အိမ်ရှေ့တံခါးနားမှာ သူ့အဖွားအလာကို ထိုင်စောင့်နေတယ်။ အဖွားလည်းရောက်ရော ဖရန်ကီဂေါ်ကီဟာ သူ့ဘဝမှာ တစ်ခါမှ မလုပ်ဖူးတဲ့ မကောင်းတာကို လုပ်ချလိုက်တယ်။ အဲဒါကတော့ ဘယ်သူ့ဆီကမှ ခွင့်ပြုချက်မတောင်းပဲ လမ်းမပေါ်ပြေးထွက်သွားတာပဲ။ အဖွားကားပါကင်ထိုးထားတဲ့နေရာကို အရှိန်ထိုးပြေးလို့ သွားလိုက်တယ်။ အိမ်နီးချင်းတွေဆီလာတဲ့ ဧည့်သည်တွေ ရဲ့ ကားက သူတို့အိမ်ရှေ့မှာ ရပ်ထားကြတော့ အဖွားက လမ်းတစ်ဖက်မှာ ရပ်လိုက်ရတယ်။ သူဟာ လမ်းမပေါ် ဖြတ်အကူးမှာ ရေခဲပေါ် ခြေချောကျတုန်း အရက်မူးသမား တစ်ယောက် မောင်းလာတဲ့ကားနဲ့ ဝင်တိုက်ခံရပါလေရော။

လူတွေ က သူများ ကားပါကင်ကို နေရာယူလိုက်တဲ့အခါ ဘာဖြစ်တတ်လဲဆိုတော့ ဒါပါပဲလို့ အဖေက ကျွန်တော့်ကို ပြောပြတယ်။ လမ်းနှစ်ဖက်ကိုကြည့်မကူးရင် ဒါမျိုး ဖြစ်တတ်တယ်လို့ အမေကလည်း ပြောတယ်။

မင်းဟာ ဒီစကြာဝဠာတစ်ခုလုံးမှာ အလိမ္မာဆုံးကောင်လေး ဖြစ်ပါစေဦးတော့ သေရမှာ ပဲတဲ့။

တစ်ခုခုကို ရှင်းပြဖို့ ကြိုး စားရင် ဘာ ဖြစ်သလဲဆိုတော့ ဒါပါပဲ။

ဒါက သူ့ရဲ့ ပုံမှန်မဟုတ်တဲ့ တစ်ခုတည်းသော လုပ်ရပ်ပါပဲ။

မိုးသက်ဟန်

*The Nicest Kid in the Universe by Chunk Rosenthak*

♥ ♥ ♥